အောက်ချောင်းကျေးရွာ

လပွတ္တာမြို့နယ်

Village Development Plan

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

( ၂၀၂၀-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောက်ချောင်းကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

စကားချီး ၁

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား ၁

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၁

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၁

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၂

(က) သီးနှံစိုက်ပျိုးရေး ..... ၂

(ခ) မွေးမြူရေးလုပ်ငန်း ..... ၃

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ ..... ၃

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု ..... ၃

၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ ၃

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ..... ၃

(ခ) ကျေးရွာမီးလင်းရေး ..... ၄

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ..... ၄

၆။ ပညာရေး ၄

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၄

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၅

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၅

၁၀။ အောက်ချောင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ ၇

စီမံချက် အဆိုပြုလွှာ ၉

အောက်ချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း ၁၂

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၃

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြုဇယား ၅၈

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက် အလက်တို့၏ အရေး ပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
အောက်ချောင်းကျေးရွာ
လပွတ္တာမြို့နယ်

# အောက်ချောင်းကျေးရွာသယံဇာတပြမြေပုံ၊လပွတ္တာမြို့နယ်



# အောက်ချောင်းကျေးရွာရာသီခွင်ပြမြေပုံ၊လပွတ္တာမြို့နယ်



# အောက်ချောင်းကျေးရွာ၏အဖွဲ့အစည်းပြမြေပုံ(Venn Diagram)



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အောက်ချောင်းကျေးရွာသည် ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကျော်မှော်အုပ်စုတွင် တည်ရှိပါသည်။ အောက်ချောင်းကျေးရွာ၏ ရွာလမ်းများသည် များသော အားဖြင့် ကျောက်ကြမ်းလမ်းများ ဖြစ်ကြပြီး တစ်ချို့လမ်းကြား လမ်းသွယ်များသည် မြေသားလမ်းများ ဖြစ်ကြသည်။ ရွာလမ်း၏ စုစုပေါင်း အရှည်မှာ(၁၈၀၀)ပေခန့်ရှိပါသည်။ အောက်ချောင်း ကျေးရွာ၏ အရှေ့ဘက်တွင် လပွတ္တာ – မြောင်းမြ ကားလမ်းနှင့် ရွှေးမြစ်တည်ရှိပါသည်။ကျေးရွာ၏ အနောက်ဘက်တွင် ကျေးအစိုးရနည်းပညာကောလိပ် G.T.I ရှိပါသည်။ ရွာ၏ တောင်ဘက်တွင် လေးအိမ်တန်း ကျေးရွာရှိပါသည်။ မြောက်ဘက်တွင် (၃)မိုင်မြို့သစ်တည်ရှိပြီး ကြားတွင် လယ်ကွင်းများ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၈၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၃၂ ℃) အထက်ရရှိသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ သြဂုတ်လ၊ စက်တင်ဘာလများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ထို့ကြောင့် ကျေးရွာရှိ တောင်သူ လယ်သမား အချို့မှာ သီးနှံစိုက်ခင်းများ ပျက်ဆီးလေ့ရှိပါသည်။ လယ်ယာမြေများမှ မြေဩဇာအခြေ အနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧကပေါင်း (၁၆၁)ဧကရှိ ပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများ လုပ်ကိုင်ကြပြီး ဥယျာဉ်ခြံ မြေများ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အောက်ချောင်းကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၅)ဦးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီတွင် အမျိုးသား (၄)ဦး၊ အမျိုးသမီး (၃)ဦး သည်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့တွင် အမျိုးသား (၅)ဦး၊ အမျိုးသမီး (၄)ဦး သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/မများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။ ဂေါပကအဖွဲ့တွင် အမျိုးသား (၃)ဦး၊ အမျိုးသမီး (၄)ဦး တို့သည် ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများနှင့် သာသနာတိုး တက်ပြန့်ပွားအောင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင်း ကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသူ/သားများမှ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက် ပေးကြသော အလေ့အကျင့်ကောင်းများ ရှိပါသ်ည။ အောက်ချောင်းကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများလည်း ရှိပါသည်။ ၎င်းပြင်ပ အဖွဲ့အစည်းများမှာ

စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေး ငွေ စသောခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့များမှ ချေးငွေနှင့် ပတ်သက်သည့်များ မှ ကျေးရွာလူထုအတွက် အသင့်အတင့် အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

အောက်ချောင်းကျေးရွာ၏ အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်း ဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ လယ်ဧကပိုင်ဆိုင်မှု မှာ (၁၆၁)ဧက ရှိပါသည်။ အောက်ချောင်းကျေးရွာ၏ မြေဧက ပိုင်ဆိုင်မှုမှာ အများဆုံး (၂၀)ဧကဖြစ်ပြီး အနည်းဆုံး (၂)ဧကခန့်ပိုင်ဆိုင်ကြပြီး မြေယာမဲ့ အိမ်ထောင်စုများလည်း ရှိပါသည်။ ၎င်းတို့မှာ နေ့စားၤကျပန်းၤရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် ပြည်တွင်းသို့ သွားရောက် လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ စပါးစိုက်ဧက (၁၆၁)ဧက အားလုံးအတွက် ရေအရင်းအမြစ်ကို ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးထားသော ပတ်တာအတွင်း မိုးရေခံ၍ ရေလွှဲဆည်မှ အလျှော့အတင့်ပြုလုပ်၍ သုံးစွဲပါသည်။ ၎င်းပတ်တာအတွင်းရှိ ရေအရင်းအမြစ်များ သည် မိုးရာသီကုန်ဆုံးချိန်မှာ အငန်ဓာတ်ဝင်၍ နွေစပါးစိုက်ပျိုးမရရှိဘဲ မိုးစပါး တစ်မျိုးသာလျှင် စိုက်ပျိုးရပါသည်။ မိုးစပါးတစ်မျိုးတည်း သာစိုက်ပျိုးပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၄၅)တင်းခန့်သာထွက်ရှိပါသည်။ စိုက်ပျိုးရေး အခက်အခဲကြောင့် နွေစပါး၊ ဆောင်းစပါး မစိုက်ပျိုး နိုင်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ စိုက်ပျိုးကိရိယာ ပိုင်ဆိုင်မှုမှာ ထွန်စက်(၄)စီး၊ လက်တွန်းထွန်စက်(၁၁)စီး၊ ချွေလှေ့စက် (၂)စီး၊ မြက်ရိတ်စက် (-)စီး ၊ ရေတင်စက် (၃)စီး ရှိကြောင်းတွေ့ရပါသည်။ တစ်ချို့လယ်သမားများသည် စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ဌားရမ်းအသုံးပြု လုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းလုပ်ကိုင်ကြသူများ၏ ပိုင်ဆိုင်မှုမှာ စက်လှေ (၁)စီး၊ လှေ (၂)စီး အသီးသီး ပိုင်ဆိုင်ကြပါသည်။ ၎င်းအပြင် ကမ်းဝိုင်းပိုက်များကိုလည်း ပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်း ကြောင်း အထောက်အကူပြု ပစ္စည်းများ ဖြစ်ပါသည်။ ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ဘဲ ၊ ဆိတ်များ မွေးမြူကြပါသည်။ တစ်ချို့သော အမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော အိမ်ထောင်စုများ လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်း/ကုမ္ပဏီများတွင် လုပ်သူများလည်း ရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများတွင် ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်သူများ လည်းရှိကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၆)အိမ်ထောင်စုရှိပြီး နွားအကောင်ရေ (၂၆)ကောင်၊ကြက်မွေးမြူထားသော အိမ်ထောင်စု (၆၄)စု ရှိပြီး ကြက်အကောင်ရေ (၆၁၄)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၃၁)စုမှ ဝက်အကောင်ရေ (၆၈)ကောင်၊ ဘဲမွေးမြူထားသော အိမ်ထောင်စု (၁၃)စုမှ ဘဲအကောင်အရေ (၁၀၈)ကောင် ၊အိမ်ထောင်စု (၃)စုမှ ဆိတ်အကောင်ရေ (၄)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်း များကို ဦးစားပေးလုပ်ဆောင်ကြပါသည်။ လက်သမား၊ ပန်းရံ လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များ သည် အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့် အသေးစား အလတ်စား စီးပွားဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာ အလွန်နဲပါးသဖြင့် အခြားဒေသများသို့ လုပ်ကိုင်သူဦးရေ များပြားသဖြင့် လုပ်သားအင်အား ရှားပါးလာပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို နွေးစပါး၊ မိုး စပါးစိုက်ပျိုးနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်မှာ တစ်ကေလျှင် ကျပ် (၁၅၀၀၀၀)နှုန်းထုတ်ချေးပေးပါသည်။ ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့အစည်းအနေဖြင့် Pact Myanmar ၊ Nong Hyap မှ ကျေးရွာသူ/သားများအား ငွေထုတ်ချေးပေးနေပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေများ ဖြစ်ကြသော ကျန်းမာရေးရံပုံငွေ၊ ပညာရေးရံပုံငွေ များ လည်းရှိပါသည်။ ငွေချေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကငွေချေးသူများမှ ငွေ(၁၀၀)ကျပ်လျှင် အတိုးနှုန်း( ၅ကျပ် မှ ၁၅ကျပ် )ထိ ရယူကြပြီး ကာလတို ချေးငွေများကိုလည်း ချေးပေးပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးအတွက် ကုန်းလမ်းကို အဓိကထားအသုံးပြုရပါသည်။ သယ်ယူပို့ ဆောင်ရေးအတွက် ယာဉ်အသုံးချမှုများမှာ ဌားရမ်းအသုံးပြုရပါသည်။ လပွတ္တာမြို့သို့ ဆန်၊ စပါးများ တင်ပို့ ရောင်းချခြင်းအတွက် ထော်လာဂျီများကို အသုံးပြုရပါသည်။ လပွတ္တာမြို့သို့ သွားရန်အတွက် ထော်လာဂျီများ၊ အခြားခရီးသွားယဉ်လိုင်းများနှင့် သွားရောက်ရပါ သည်။

### (ခ) ကျေးရွာမီးလင်းရေး

အောက်ချောင်းကျေးရွာသည် မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်း ရရှိပါသည်။ ပုဂ္ဂလိကစီးပွားဖြစ် မီးစက်မရှိပါ။ ချက်ပြုတ်ရေး လုပ်ငန်းများကို ထင်းမီးနှင့် မီးသွေးစသည့် လောင်စာများကိုသာ အသုံးပြုရပါသည်။ ကျေးရွာ မီးလင်းရေးအတွက် လမ်းမီးတိုင်များကိုသာ စိုက်ထူထားပြီး ဖြစ်ပါသည်။ ရွာလုံးကျွတ်လျှပ်စစ်မီး အချိန်ပြည့် ရရှိသုံးစွဲနိုင်လျှင် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏ လူနေမှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

အောက်ချောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၂၉)လုံး၊ရေဒီယို (၆)လုံး၊ တီဗွီ (၆၂)လုံး၊ စလောင်း (၂)လုံး တို့ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာ ရရှိနိုင်သော ပစ္စည်းများအတွက် အသင့်အတင့် ကောင်းမွန်ပါသည်။

## ၆။ ပညာရေး

အောက်ချောင်းကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် ကျောင်းနေရွယ် ကလေးသူငယ်များ ပညာသင်ကြားနိုင်သည့်အတွက် ပညာရေးအဆင့်အတန်း အသင့်အတင့် ရှိပါသည်။ ကျောင်းသူ/သား (၉၄)ဦး ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား/သူများသည် (၃)မိုင် မြို့ကျောင်းကျေးရွာသို့ သွားရောက်ပညာသင်ယူကြရပါသည်။ မူလတန်း ကျောင်းသားဦးရေ မှာ ကျား(၂၇)ဦး၊ မ (၃၀)ဦး သာရှိပါသည်။ အလယ်တန်းကျောင်းသားဦးရေမှာ ကျား(၁၁)ဦး၊ မ(၁၀)ဦး ရှိပါသည်။ အထက်တန်း ကျောင်းသားဦးရေမှာ ကျား(၇)ဦး၊ မ(၇)ဦး ရှိပါသည်။ တက္ကသိုလ် တက်ရောက်နေသော ကျောင်းသားဦးရေမှာ ကျား (၁)ဦး ၊ မ (၁)ဦး ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အောက်ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ ကျော်မော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသရပါသည်။ အရေးပေါ်လူနာများ အတွက် သုံးမိုင် ကုတင်(၁၀၀)ဆေးရုံကြီးသို့ သွားရောက်ကုသရပါသည်။ ကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာ တစ်ခါတစ်ရံ ရာသီဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ မိုးရာသီတွင် သွေးလွန်တုပ်ကွေး ရောဂါများ ကို နီးစပ်ရာ ဆေးပေးခန်းများသို့ သွားရောက်ကုသမှု ခံယူရပါသည်။ ကျေးရွာတွင်းရှိ ကလေးများ သည် အဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျန်းမာရေးအတွက် စိုးရိမ်

ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ အောက်ချောင်း ကျေးရွာသည် အိမ်ထောင်စု (၁၂၇)စုရှိပြီး၊ ယင်လုံအိမ်သာသုံး အိမ်ထောင်စုများ (၁၂၇)အိမ်ရှိပါသည်။ ယင်လုံအိမ်သာ မရှိသော အိမ်ထောင်စု များသည် မိမိနှင့် နီးစပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကို အသုံးပြုကြပါသည်။ ကျေးရွာသည် အိမ်သာနှင့်ပတ်သက်သည့် ကျန်းမာရေးကဏ္ဍများတွင် ဗဟုသုတများ ရှိကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင်နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ မရှိပါ။ တခါတရံ ရေလွှမ်းမိုး သဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်ဆီးဆုံးရှုံးမှုများ ရှိပါသည်။ တစ်ခါတရံ လေပြင်းတိုက် ခတ်မှုများရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ၊ အလွန်အကျွံသုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာ ပျက်ဆီးရပါသည်။ ယခင်ကကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်တက်သော အလေ့အထ မရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရပါသည်။ ယခုအခါ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အမှိုက်ကင်းစင် ကျေးရွာစီမံကိန်းအား အောက်ချောင်းကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် ကျေးရွာတွင်း ပိုမိုသန့်ရှင်းလာပါသည်။

## ၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အောက်ချောင်းကျေးရွာတွင် လူဦးရေအားဖြင့် အမျိုးသား (၂၃၄)ဦး၊ အမျိုးသမီး (၂၇၈)ဦး ရှိပါသည်။ တစ်ရွာလုံးတွင် အလုပ်လုပ်နိုင်သည့် ကျား(၁၅၄)ဦး မ(၁၈၅)ဦး ရှိပါသည်။ အလုပ် လုပ်နိုင်သော ဦးရေသည် တစ်ရွာလုံး လူဦးရေး၏ (၆၆.၂၁%)ခန့်ရှိပါသည်။ ကျား/မရေးရာနှင့် ပတ်သက်၍ တန်းတူအခွင့်အရေး ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ်စသည့် လုပ်သားများ ဌားရမ်းဆောင်ရွက်ကြ ပါသည်။ တစ်ရက်လျှင် လုပ်အားခမှာ (၄၀၀၀ မှ ၇၀၀၀)အထိ ဖြစ်ပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရ လုပ်ငန်းမှာ အလွန်နည်းပါးပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှု လုပ်ငန်းများဖြစ် သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများ ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်းများ လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုး သားအများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊

အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာ သောက်စားခြင်းအနည်းငယ်သာရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပါဝင်လုပ်ဆောင် ကြပါသည်။

## ၁၀။ အောက်ချောင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အအုံ | ကျောက်ချောလမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အအုံ | ရေပိုက်လိုင်းသွယ်တန်းခြင်း | ၂ |
| ၃ | အခြေခံအဆောက်အအုံ | ရေကန်ခြံစည်းရိုးကာရံခြင်းနှင့်မွမ်းမံခြင်း | ၃ |
| ၄ | အခြေခံအဆောက်အအုံ | မူကြိုကျောင်း | ၄ |

# အပိုင်း (၁)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

<table>
<tr><td>ကျေးရွာ – အောက်ချောင်း<br>ကျေးရွာအုပ်စု – ကျော်မှော်<br>မြို့နယ် – လပွတ္တာ<br>တိုင်းဒေသကြီး/ပြည်နယ် – ဧရာဝတီ</td></tr>
<tr><td>စီမံချက်အမည် – ကျောချောလမ်းခင်းခြင်း ( ၁၀၃၀’×၁၀’×၉’’)</td></tr>
<tr><td>စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ<br>. ယခုလက်ရှိ မြေသားလမ်းမှာ မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။<br>. ကျောင်းသား/သူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား/ကျောင်းပြန် အခက်အခဲများ ရှိပါသည်။<br>. ထို့အပြင် မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ရှိပါသည်။</td></tr>
<tr><td>စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>မိုးတွင်းကာလ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်<br>. ကျောင်းသား/သူများ ပညာသင်ယူရန် ကျောင်းသို့သွားရောက်ရာတွင် အဆင်ပြေ၍ စိတ်ချမ်းသာစွာ သွားရောက်နိုင်စေရန်၊<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် လမ်းကောင်းမွန်ပြီး အမြန်ဆုံးဆေးကုသမှုခံယူနိုင်စေရန်၊</td></tr>
<tr><td>မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>ကျောက်ချောလမ်းခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာ<br>မှု အဆင်ပြေလွယ်ကူလာမည်။<br>. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောက်ပျက်နှုန်းနည်းလာပြီး ပညာတက်မြောက်သူဦးရေ များလာမည်။<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မှီ သွားရောက်နိုင်ပြီး မတော်တဆသေဆုံးမှုများ လျော့ကျလာမည်။</td></tr>
</table>

. ထို့အပြင် ရွာတွင်းကွန်ကရစ်ခင်းပြီးပါက နွေရာသီတွင် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းမွန်နေသောကြောင့် လွယ်ကူစွာအချိန်မှီတားဆီးနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

အောက်ချောင်းကျေးရွာတွင်း ကျောချောလမ်းခင်းခြင်း ( ၁၀၃၀’×၁၀’×၉’’)

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| . ၁၀၀၀၀၀၀၀ိ/ (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| . ၁၀၀၀၀၀၀ိ/ (ငွေသား) | . ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၂၃၄ | ၂၇၈ | ၅၁၂ | ၇ | ၄၀ | ၄၀ | ၄၀ | ၁၂၇ |
| **အကျိုးခံစားမည့်သူဦးရေ** | ၂၃၄ | ၂၇၈ | ၅၁၂ | ၇ | ၄၀ | ၄၀ | ၄၀ | ၁၂၇ |

မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

. သပြကွင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း- ၅.၃.၂၀၂၁**

**(၃) စီမံချက်ပြီးစီးမည့်အချိန်- ၇.၄.၂၀၂၁**

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**

. ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြတိုင်ပင်ဆွေးနွေးပါမည်။

. အောက်ချောင်းကျေးရွာမှ ကျေးရွာသူ/သားများမှ ငွေကြေးကျပ် (၁၀)သိန်းအားပူးပေါင်းထည့်ဝင်ပါမည်။

. လိုအပ်ပါက လုပ်အားထည့်ဝင်နိုင်ရေး ကြိုးစားဆောင်ရွက်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက်ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲကို ဆောင်ရွက်ခွင့်ရှိပါက လုပ်ဆောင်ပါမည်။
. လမ်းအခြေအနေအား ရေရှည်တည့်တံ့ကောင်းမွန်စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများ မှ ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်၊
. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

# အောက်ချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထွန်းလွင် | ဦးမောင်ချစ် | ၁၄/လပတ(နိုင်)၁၉၃၀၁၆ | ၅၅ | ဥက္ကဌ | ၀၉-၇၈၈၆၄၈၂၀ |
| ၂ | ဦးသွင်ကိုကိုမောင် | ဦးမောင်မောင်အေး | ၁၄/လပတ(နိုင်)၁၁၆၀၆၁ | ၃၈ | အတွင်းရေးမှူး | ၀၉-၆၈၈၀၀၃၇၉ |
| ၃ | ဦးအုန်းမြင့် | ဦးသောင်းရွှေ | ၁၄/လပတ(နိုင်)၀၅၇၆၇၅ | ၅၁ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၁၈၈၁၀၉၆ |
| ၄ | ဦးဟိန်းဇော် | ဦးလှမြင့် | ၁၄/လပတ(နိုင်)၁၇၆၁၅၂ | ၃၈ | စာရင်းကိုင် | ၀၉-၇၈၉၂၃၉၅၃၄ |
| ၅ | ဒေါ်သီတာ(၁) | ဦးစံလှိုင် | ၁၄/လပတ(နိုင်)၂၃၁၈၄၄ | ၃၈ | အဖွဲ့ဝင် | ၀၉-၄၅၁၁၂၂၆၄၄ |
| ၆ | ဒေါ်သီတာ(၂) | ဦးတင်အောင် | ၁၄/လပတ(နိုင်)၁၇၇၈၇၅ | ၃၇ | အဖွဲ့ဝင် | ၀၉-၆၆၃၃၆၄၀၅၁ |
| ၇ | ဒေါ်ညိုညိုခိုင် | ဦးထွန်းမြင့် | ၁၄/လပတ(နိုင်)၁၉၃၀၅၂ | ၄၉ | အဖွဲ့ဝင် | ၀၉-၇၈၈၀၀၉၁၄၀ |

နောက်ဆက်တွဲ (၂)

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၇ | ၁၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၈ | ၃၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၉ | ၅၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၆ | ၂၇ | ၅၃ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၄ | ၁၈၅ | ၃၃၉ | ၂ | ၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၁၂ | ၂၁ | | ၃ |
| စုစုပေါင်း | | ၂၃၄ | ၂၇၈ | ၅၁၂ | ၂ | ၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ အောက်ချောင်းကျေးရွာတွင် လူဦးရေအားဖြင့် အသင့်အတင့်ရှိသောကျေးရွာဖြစ်ပြီး ဗမာလူမျိုး၊ ကရင်လူမျိုးများ အများဆုံးနေထိုင်ကြပြီး အခြားလူမျိုးအနည်းငယ်နေထိုင်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် (၆၆.၂၁%) ရှိသဖြင့် ကျေးရွာတွင်း ဝမ်းစာဖူလုံးပြီး စီးပွားရေးအသင့်အတင့်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅ | ၂၅ | ၄ | ၁၅ | ၁၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၂၀ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၇၁ | ၂၀ | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၆ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၂၀ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၁၅ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၇ | ၃၄ | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၂၇ | ၂၁၀ | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** အောက်ချောင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အဓိကလုပ်ကိုင်ပြီး တပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် နေ့စားလုပ်သားများ အများဆုံးနေထိုင်လုပ်ကိုင်ကြပါသည်။ မိသားစု ဝင်ငွေအနေဖြင့် မိသားစုပိုင်လယ်ယာ ပိုင်ဆိုင်သူများသည် စီးပွားရေးအသင့်အတင့်ရှိပြီး တပိုင်တနိုင်မွေးမြူရေး ရေလုပ်ငန်းနှင့် နေ့စားလုပ်သားများ

သည် စီးပွားရေး အဆင်ပြေလည်မှု နိမ့်ကျကြောင်း တွေ့ရှိရပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ နှုန်းထားမှာ သင့်တင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်လာခြင်းကို တွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့် ရိသိမ်းချိန်တွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ်လုပ်သားများ ငှားရမ်းလုပ်ကိုင်ကြပါသည်။ အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှ အလုပ်လက်မဲ့ ကျပန်းအလုပ်များ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးများ၏ ဝင်ငွေမှာ အလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | (၁၆၁)ဧက | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၆၁ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။။** အောက်ချောင်း၏ အဓိက ဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး မြေဆီလွှာအရည်အသွေးအားဖြင့် အသင့်အတင့်ရှိသောကျေးရွာဖြစ်၍ လယ်ဧကပိုင်ဆိုင်မှုမှာ (၁၆၁)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ စပါးသီးနှံအတွက် သင့်တင့်သော်လည်း အခြားသီးထပ်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးခြင်း မရှိပါ။နွေစပါး စိုက်ပျိုး၍ ရနိုင်သော်လည်း စိုက်ပျိုးစရိတ်ကြီးမားမှု၊ ရေချိုလိုအပ်ချက်များကြောင့် အနည်းငယ်စိုက်ပျိုးခြင်းရှိပါသည်။

**(ဂ–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☑ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ | ☒ | လျော့☑ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| | မရှိ ☐ | | အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** အောက်ချောင်းကျေးရွာတွင် သတ္တုနှင့် တွင်းထွက်သယံဇာတများ မရှိသည့်အတွက် ၎င်းတို့နှင့် ပတ်သက်သည့် လုပ်ငန်းများမရှိပါ။ သဲ၊ ကျောက်စရစ်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ရှားပါးသဘာဝတိရစ္ဆာန်မျိုးစိတ်များ မတွေ့ရှိပါ။ မြေအောက်ရေ တူးဖော်ရရှိမှု ခက်ခဲပါသည်။ ရေငန်ဒေသဖြစ်သည့်အတွက် သန့်ရှင်းသောမြေအောက်ရေ ရရှိမှုအလွန်နည်း ပါးပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၄၀ | ၄၀ | ၄၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** အောက်ချောင်းကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၁၂၇)စု ရှိပြီး စီးပွားရေး ပြေလည်သောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။ အလယ်အလတ်ပြေလည်သော

အိမ်ထောင်စု အနည်းငယ်နှင့် စီးပွားရေး မပြေလည်သောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။

.

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၃၈ | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ၂၃<br>ချေးယူ = ၁၅<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၁၃ | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ၈<br>ချေးယူ = ၅<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ အောက်ချောင်း ကျေးရွာရှိ အများစုသည် လက်လုပ်လက်စားများဖြစ်သည့် အတွက် အများအား ဝမ်းစာဖူလုံမှုရှိသော်လည်း သဘာဝဘေးအန္တရယ်ကျရောက်လျှင် ထိခိုက်မှုများ မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများမရှိသော်လည်း မိသားစုဝင်များဆင်းရဲသောကြောင့် ပြည့်စုံသောစောင့်ရှောက်မှု မရရှိပါ။ မိသားစုများ ငွေရေးအခက်အခဲကြောင့် အခြားနေရာများသို့ သွားရောက်အလုပ်လုပ်ကိုင်ရသဖြင့် သက်ကြီးရွယ်အိုများအား သေချာဂရုစိုက်စောင့်ရှောက်နိုင်ခြင်းမရှိပါ။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | ✓ | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | ✓ | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | လျှင် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | | ✓ | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | ✓ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၆ | မြေပြိုခြင်း | ✓ | | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✓ | | | ✓ | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | | ✓ | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | ✓ | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | ✓ | | |
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | ✓ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | ✓ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | ✓ | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စု မည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။အိမ်ထောင်စု၁၀၀တွင်၂၅ အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ထိခိုက်သက်ရောက်မှု အများအားဖြင့် မရှိပါ။ ရာသီဝင်မှန်တိုင်းကြောင့် ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်းများဖြစ်ပေါ်တတ်ပြီး မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အတွက် အချိန်ကြာမြင့်စွာ မြစ်ရေကြီးခြင်းမျိုးမရှိပါ။ စားနပ်ရိပ်က္ခာဖူလုံမှုအနေဖြင့် သီးနှံများ အထွက်နှုန်းကျဆင်းသော်လည်း စားနပ်ရိက္ခာဖူလုံပါသည်။ ရုံဖန်ရံခါ အဖျက်ပိုးများကျရောက်ခြင်း၊ ရေကြီးခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ကြောင့် သီးနှံအချို့ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | ℜ | | | ℜ | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | | ℜ | ℜ | | |
| ၃ | ဆင်းရဲသားတောင်သူ | | | ℜ | ℜ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ℜ | | | ℜ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | ℜ | ℜ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ℜ | | | ℜ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ℜ | | | ℜ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ℜ | | | ℜ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ℜ | | | | | ℜ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | ℜ | | | | | ℜ |
| ၁၁ | လူနည်းစုလူမျိုးများ | ℜ | | | | ℜ | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | ℜ | | | | ℜ | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ℜ | | | | ℜ | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ℜ | | | ℜ | | |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | ℜ | | | ℜ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ℜ | | | | ℜ | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ℜ | | | | ℜ | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | ℜ | | | ℜ | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည်မည်သို့သော အခြေအနေများ တွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှ အထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များအနေဖြင့် ရာသီတုတ်ကွေးနှင့် ငှက်ဖျားရောဂါ ကူးစက်မှု အနည်းငယ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအနေဖြင့် ဝင်ငွေနည်းပါးခြင်း၊

စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ကြွေးမြီများပြား ခြင်းများ တွေ့ရှိရပါသည်။ ဒေသတွင်းအလုပ်အကိုင်ရှားပါးမှုကြောင့် လူငယ်များအနေဖြင့် အခြားနေရာများသို့ သွားရောက် အလုပ်လုပ်ကိုင်နေရပါသည်။

(၂) **ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

(က) **ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

(က-၁) **ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဘာသာရေး | ၁☑၂☐၃☐ | 3 | 4 | | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ၂ | ပညာရေး | ၁☑၂☐၃☐ | ၅ | ၄ | | ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ၃ | ကျန်းမာရေး | ၁☑၂☐၃☐ | ၂ | ၃ | ၄ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☐ ညံ့☑ |
| ၄ | Pact Myanmar၊ Nong Hyap မှ | ၁☐၂☑၃☐ | ၃ | ၄ | ၇ | ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ၅ | စိုက်/မွေး | ၁☑၂☐၃☐ | ၃ | ၄ | ၇ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | လုံခြုံရေး | ၁☑၂☐၃☐ | ၁၀ | | ၁၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၇ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်း အသင်းအဖွဲ့များ အသင့်အတင့်ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်လိုမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

.

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar ၊ Nong Hyap မှ | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၃ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၄ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၅ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၆ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကျေးရွာတွင်း အသင့်အတင့် ဖွဲ့စည်းဆောင်ရွက်လျက်

ရှိပါသည်။.

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၂ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၁ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၂ | | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၇ | | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၅ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၂၇ | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ အောက်ချောင်းကျေးရွာအတွင်းရှိ အိမ်ထောင်စု အနည်းငယ်သာ မြေယာပိုင်ဆိုင်ပြီး အများစုမှာ မြေယာပိုင်ဆိုင်မှုမရှိပါ၊ သီးစားစိုက်ပျိုးခြင်း၊ အငှားစိုက်ပျိုးခြင်းမျိုးသာ တွေ့ရှိရပါသည်။ စီပွားဖြစ်စိုက်ပျိုးနိုင်ခြင်းထက် တပိုင်တစ်နိုင် စားဝတ်နေရေးအတွက်သာ စိုက်ပျိုးနိုင်ကြောင်းတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ကေ) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☑ | လျော့☐တိုး☐အပြောင်းအလဲမရှိ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☑ | လျော့☐တိုး☐အပြောင်းအလဲမရှိ☑ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☑ | လျော့☐တိုး☐အပြောင်းအလဲမရှိ☑ |

| စဉ် | အရင်းအမြစ် | ရေသောက်(ကေ) | ရေရရှိနိုင်မှု တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☑ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ဆည်မြောင်းမှ ရေချိုမြောင်းများရှိသော်လည်း သီးနှံစိုက်ပျိုးရေးအတွက် စက်သုံးဆီ ဈေးမြင့်မားမှုကြောင့် ရာသီမရွေးသီးနှံစိုက်ပျိုးနိုင်ခြင်းမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | (၁၆၁)ဧ | | ၂၀ | ၇၀ | ၃၅ | ၇ | ၁၂ | မြင့်☐လတ်☑ | မြင့်☐လတ်☐ | မြင့်☐လတ်☑ |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
